
ဇေယန
(ရာမည)
အောင်မြတ်သာနှင့်
သားပိုက်မယ်တော်

# အောင်မြင်တ်သာနှင့်သားပိုက်မယ်တော်

"ပူဇော်ပါသည် ပသပါသည် အရှင်သခင်မဘုရား။ ကျေးတော်မျိုး ကျွန်တော်မျိုးမကို စောင့်ရှောက်တော်မူပါ။ ကျရောက်လာမယ့် အန္တရာယ် အပေါင်းကို အရှင်သခင်မရဲ့ ညာဘက်လက်ဖဝါးနဲ့ တားဆီးပြီး ဘယ်ဘက် လက်ဖဝါးဖြင့် အဝေးကို ဖယ်ထုတ်ပေးတော်မူပါဘုရား"

နွမ်းလျလျမာစရိုက်ပွင့်ရိုက် အဝတ်ကို ဝတ်ထားပြီး ဆံပင်ကို တစ်ပတ် လျှိုထုံးထားတဲ့ မိန်းမကြီးရဲ့အသံက တိတ်ဆိတ်တဲ့ ညသန်းခေါင်အချိန်ကို ကျော်လွန် ဖောက်ထွက်လာခဲ့တယ်။ သူ့အရှေ့မှာတော့ ငါးလက်မသာသာရှိ တဲ့ရုပ်တုတစ်ရုပ်။

"မယ်ခွေ ... နင့်ကို စုံစမ်းခိုင်းထားတဲ့ကိစ္စ စုံစမ်းပြီးပြီလား"

"စုံစမ်းပြီးပြီ အမေကြီး ... ဒီမနက်ပဲ ကျားကတုတ်ရွာက သင်္ချိုင်းမှာ မြေ မြှုပ်လိုက်တယ်လို့ပြောတယ်"

"အေး သေချာရင် ငါတို့ သွားကြရအောင် ... လိုအပ်တဲ့ပစ္စည်းတွေ ပါ တယ်မဟုတ်လား"

"ပါပါတယ် အမေကြီးရဲ့ ... မယ်ခွေက အလုပ်လုပ်ရင် စေ့စပ်တာ သိရဲ့ သားနဲ့"

အသက် ၁၇နှစ်အရွယ် ကောင်မလေးရဲ့ သွက်လက်တဲ့စကားကြောင့် မိန်းမကြီးက ဘာမှဆက်မပြောတော့ပဲ ဟောင်းနွမ်းနေတဲ့ တဘက်တစ် ထည်ကို ခေါင်းမှာပတ်ကာ အိမ်အောက်ကို ဆင်းလာခဲ့လိုက်တယ်။

ခိုက်ခိုက်တုန်အောင် ချမ်းအေးလွန်းတဲ့ အညာဆောင်းကြောင့် လူတွေ အကုန် စောင်ခြုံပြီး အိပ်စက်နေတဲ့အချိန် မိန်းမနှစ်ယောက်ကတော့ အအေးဒဏ်ကိုအန်တုရင်း အမှောင်ထုထဲကို ဝင်ရောက်သွားခဲ့တယ်။

"အောက်အီးအီးအွတ် ... ..."

ရွာထိပ် လယ်စောင့်တဲမှာ မွေးထားတဲ့ ကြက်ဖရဲ့ အော်သံကြောင့် ပြာပုံထဲမှာ ခွေခွေလေးအိပ်နေတဲ့ ခွေးတစ်ကောင်နိုးလာပြီး ကိုယ်ပေါ်မှာ ပေနေတဲ့ ပြာမှုန်တွေကို တဖျတ်ဖျတ်နဲ့ခါထုတ်ရင်း အကြည့်က အမှောင်ထုထဲကို ရောက်သွားခဲ့တယ်။

"ဂီး ဂီး ဂဲ ... ဝုတ် ဝုတ် ဝုတ်"

လူစိမ်းကိုမြင်တွေ့ပြီး ဟောင်သလိုမျိုး သဲသဲမဲမဲ ထိုးဟောင်နေတဲ့အချိန်

"အီ အီ ... . ဂွတ် ဂလွတ်"ဆိုတဲ့အသံနဲ့အတူ ပါးစပ်ထဲကနေ အမြှုပ်တွေထွက်ကာ လဲကျသွားပြီး ငြိမ်သက်သွားခဲ့တယ်"

မကြာခင် ပတ်ဝန်းကျင်တစ်ခုလုံး ပုံမှန်အတိုင်း ပြန်လည် တိတ်ဆိတ်သွားပြီး ပိုးကောင်ငယ်လေးတွေရဲ့ အော်မြည်သံအချို့သာ ထွက်ပေါ်လာခဲ့တယ်။

အဲဒီအချိန် အမှောင်ထုထဲကနေ ပဝါကို ခေါင်းမှာ ပတ်ထားတဲ့မိန်းမနှစ်ယောက် ထွက်လာပြီး ငြိမ်သက်နေတဲ့ လယ်စောင့်ခွေးကို နှုတ်ခမ်းတွန့်ရှုံ့ကြည့်ကာ ထွက်သွားခဲ့တယ်။

"ဝေါ ... ဝေါ ... ဖလပ် ဖလပ် ... ဂျစ် ဂျစ်"

အရှေ့လေတိုက်တဲ့အရှိန်ကြောင့် ကျားကတုတ်သင်္ချိုင်းဝမှာရှိတဲ့ ညောင်ပင်အကိုင်းတွေက ပြိုကျလုဆဲဆဲ ဖြစ်နေတဲ့ ဇရပ်ပေါ်ကို ယိမ်းထိုးကျနေတဲ့ပုံက မသိရင် တစ္ဆေတစ်ကောင် မြူးထူးစွာကနေသလို ဖြစ်နေခဲ့

တယ်။

"အမေကြီး ... ကျားကတုတ်သင်္ချိုင်းတော့ ရောက်လာပြီ။ ဘာဆက်လုပ်ရမလဲ"

"ခဏလေး ... ခွင့်တောင်းစရာရှိတာ တောင်းလိုက်ဦးမယ်"

မိန်းမကြီးက လွယ်အိတ်ထဲကနေ ငှက်ပျောဖက်နဲ့ထုပ်ထားတဲ့ အမဲသားစိမ်းတွေကို အုတ်ဂူတစ်လုံးပေါ်ကိုချပြီး ဖယောင်းတိုင်တစ်တိုင် ထွန်းကာ

"ဤသင်္ချိုင်းကို ပိုင်စိုးတဲ့ အမေဖဲဝါကြီးနဲ့တကွ လက်အောက်ငယ်သား အပေါင်းအား ကျွန်ုပ်က သိတတ်နားလည်စွာဖြင့် လတ်ဆတ်တဲ့အမဲသားနဲ့ ပူဇော်ပသလိုက်ပါတယ်။ စားကြလော့ သောက်ကြလော့။ စားသောက်ပြီးရင် ကျုပ်လုပ်မယ့်အရာကို အနှောင့်အယှက်ကင်းအောင် ကူညီပေးကြလော့"ဆိုပြီး ရေရွတ်လိုက်တဲ့အချိန် အုတ်ဂူအပျက်တွေ၊ မြေပုံကြားတွေထဲကနေ ပတ္တမြားခဲလိုနီရဲနေတဲ့ မျက်လုံးပေါင်းများစွာ ထွက်ပေါ်လာခဲ့တယ်။

"မယ်ခွေ ... မနက်က မြှုပ်ထားတဲ့အလောင်းက ဘယ်နားမှာလဲ"

"ဟိုးမှာမြင်နေရတဲ့ သရက်ပင်ဘေးပဲ အမေကြီး"

မနက်အသုဘချချိန် မယောင်မလည်နဲ့ လိုက်ကြည့်ခဲ့တဲ့မယ်ခွေက နေရာအတိအကျကို ပြောပြလိုက်တော့

"အေး ... နာရီဝက်အတွင်း အခေါင်းပေါ်အောင် တူးရမယ် မြန်မြန်လုပ်"

မိန်းမကြီးရဲ့စကားအဆုံးမှာ မယ်ခွေက တဘီကို တိုတိုပြင်ဝတ်ကာ သရက်ပင်အနားကို သွားပြီး မနက်က သုဘရာဇာတွေချန်ခဲ့တဲ့ ပေါက်တူးကိုယူကာ တဒုတ်ဒုတ်နဲ့ တူးပါလေရော။

လောလောလတ်လတ် မြှုပ်ထားတဲ့အလောင်း ဖြစ်တဲ့အတွက် မြေစာတွေက ပွရောင်းနေသေးတော့ တူးရတာ သိပ်ပြီးမခက်ခဲခဲ့ဘူး။ ဆယ့်ငါးမိနစ်

လောက် တူးပြီးတဲ့အချိန်မှာ ပေါက်တူးအသွားက မာကျောကျော အရာတစ်ခုကို ထိမိခဲ့တယ်။

"အမေကြီး ... အခေါင်း အခေါင်းပေါ်လာပြီ"

ဆောင်းညခင်းမှာ ချွေးတစ်လုံးလုံးဖြစ်နေတဲ့ မယ်ခွေက ပေါက်တူးကို မြေကြီးပေါ်စိုက်ချပြီး ပြောလိုက်တော့

"အေး အလောင်းပေါ်က ဖုံးထားတဲ့ အခေါင်းကို ခွာထုတ်လိုက်"

မယ်ခွေလည်း လက်ထဲကိုင်ထားတဲ့ ပေါက်တူးနဲ့ အခေါင်းကို ကလပ်ထုတ်လိုက်တဲ့အချိန် နနွင်းနံ့နဲ့အပုပ်နံ့ရောနေတဲ့ အနံ့တစ်ခု ထွက်လာခဲ့တယ်။

"မယ်ခွေ ဖယ်စမ်း ... ငါတို့လိုချင်တဲ့အရာ ဟုတ်မဟုတ် ကြည့်ဦးမယ်"

မိန်းမကြီးက အလောင်းပေါ်က ပျဉ်ချပ်ကို ခြေထောက်နဲ့တွန်းထုတ်ပြီး ကြည့်လိုက်ရာ အခေါင်းထဲမှာ မွေးကင်းစအရွယ် ကလေးတစ်ယောက်နဲ့ မိန်းမတစ်ယောက်ရဲ့အလောင်းကို မြင်လိုက်ရတယ်။

"သေချာပြီ ... င့ါကို လွယ်အိတ်ပေးစမ်း"

မယ်ခွေလည်း ဘေးမှာ ချထားတဲ့ လွယ်အိတ်ကို ကမ်းပေးလိုက်ပြီး အခြေအနေကို ကြည့်နေခဲ့တယ်။

မိန်းမကြီးက လွယ်အိတ်ထဲကနေ ဖန်ပုလင်းတစ်လုံးကိုထုတ်ပြီး မွေးကင်းစကလေးရဲ့ လက်သည်းခွံ ခြေသည်းခွံတို့ကို ပလာယာနဲ့ဆွဲခွာပြီး ဖန်ပုလင်းထဲ ထည့်လိုက်တယ်။ ပြီးတော့ မိန်းကလေးရဲ့ ဆံပင်ကို နုတ်ယူကာ အသင့်ပါလာတဲ့ ကြေးပြားပေါ်မှာ ရစ်ပတ်လိုက်ပြီး

"ဒီနေ့ကစပြီး နင်တို့နှစ်ယောက်ကို ငါပိုင်တယ်။ နင်တို့ကို င့ါမိသားစုလို ကျွေးမွေးမယ်။ နင်တို့ကလည်း င့ါခိုင်းတဲ့အတိုင်းလုပ်ကြ"လို့ ပြောကာ

အခေါင်းကို ပြန်ပိတ်လိုက်ပြီး မြေကြီး ပြန်ဖို့ခိုင်းခဲ့တယ်။

မယ်ခွေလည်း ချွေးသံတရွှဲရွှဲနဲ့ အခေါင်းမြှုပ်အောင် ဖုံးအုပ်ပြီးတဲ့အချိန် သူ့အနောက်မှာ မိန်းမတစ်ယောက်က မွေးကင်းစ ကလေးတစ်ယောက်ကို ပိုက်ပြီး မတ်တတ်ရပ်နေတဲ့ အရိပ်တစ်ခုကို မြင်လိုက်ရတယ်။

"မယ်ခွေ လုပ်စရာရှိတာ ဆက်လုပ် ... စပ်စုမနေနဲ့"

မိန်းမကြီးက အနည်းငယ် ကြောက်လန့်နေတဲ့ မယ်ခွေကို ဟိန်းဟောက်လိုက်ပြီး ဖန်ပုလင်းကို လွယ်အိတ်ထဲ ထည့်လိုက်တယ်။

မယ်ခွေလည်း မြေပုံကို ခြေရာလက်ရာ မပျက်အောင် လုပ်ပြီးတော့ မိန်းမကြီးနဲ့အတူ သင်္ချိုင်းထဲကနေ ပြန်ထွက်လာခဲ့တယ်။ သင်္ချိုင်းအဝကို ရောက်တော့ မီးထွန်းထားတဲ့နေရာကို အမှတ်မထင် ကြည့်လိုက်ရာ အမွေးစုတ်ဖွားနဲ့ မည်းမည်း အကောင်ပေါင်းများစွာက ငှက်ပျောဖက်နဲ့ထုပ်ထားတဲ့ အမဲသားစိမ်းတွေကို အလုအယက် ယူငင် စားသောက်နေကြတာကို မြင်လိုက်ရတယ်။

***